ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

အမျိုးသား ညီညွတ်ရေးအစိုးရ

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာချက်

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိပြည်သူများသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားညီနောင်ပြည်သူလူထုများနည်းတူ အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီကို လုံးဝလက်မခံနိုင်ကြောင်း အကြမ်းမဖက်သောနည်းဖြင့် ငြိမ်းချမ်းစွာဖြင့် မိမိတို့ဆန္ဒကို နေ့စဉ်ရက်ဆက်ထုတ်ဖော်ပြသခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ငြိမ်းချမ်းစွာအကြမ်းမဖက် ဆန္ဒထုတ်ဖော်ရာ တွင်ပါဝင်သည့် လူငယ် (၇) ဦးအား မတရားဖမ်းဆီးချုပ်နှောင်ထားခဲ့ပြီး ပြည်သူတို့၏လုံခြုံရေးနှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်မှုကိုဖျက်ဆီးနှောင့်ယှက်ခဲ့သည်။ မတရားဖမ်းဆီး ခံရသည့်လူငယ်များအား ပြန်လည် လွှတ်ပေးရန် ပြည်သူများက အေးချမ်းစွာတောင်းဆိုခဲ့ကြသော်လည်း အချိန်မီပြန်လည်လွှတ်ပေးခြင်း မရှိသည့်အပြင် မြို့ပြပြည်သူတို့၏လုံခြုံရေးကိုပါ ထိပါးစော်ကား နှောင့်ယှက်လာသဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များအား ပြည်သူများက ရရာလက်နက်စွဲကိုင်ကာ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ကို ကာကွယ်ခုခံတွန်းလှန်ခဲ့ကြသည်။ ယင်းသို့ ခုခံတွန်းလှန်မှုကြောင့် အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့ဝင်များ သေကြေဒဏ်ရာရရှိမှုများပြားခဲ့ပြီး၊ ပြည်သူတို့ ဘက်မှ ထိခိုက်ကျဆုံးသူ မရှိသည့်အပြင် ဖမ်းဆီးခံလူငယ်များလည်း ပြန်လည်လွတ်မြောက် လာခဲ့ကြောင်းသိရှိရပါသဖြင့် မိမိအနေဖြင့် စစ်ကောင်စီတပ်ဖွဲ့ ဝင်များအား အနိုင်ကျင့်မခံ စည်းလုံးညီညွတ်စွာ ပြန်လည်ခုခံ တွန်းလှန်သည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှ ပြည်သူများအား အထူးလေးစားဂုဏ်ယူမိပါကြောင်း ဖော်ပြပါသည်။

တစ်ချိန်တည်းမှာပင် မိမိအနေဖြင့် မတရားအကြမ်းဖက်ဖိနှိပ်သူများအား မိမိတို့အသက်ကို ပဓာနမထားဘဲ တိုင်းရင်းသားညီနောင်ပြည်သူများ၏ လုံခြုံမှု၊ လွတ်လပ်မှုနှင့်တရားမျှတမှုတို့ကို တန်ဖိုးထားလေးစားသည့် ဖြူစင်သောစိတ်ဓါတ်ဖြင့် ရရာလက်နက်ဖြင့် မကြောက်မရွံ့ ခုခံတွန်းလှန်ပြီး စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းရန် သံန္နိဋ္ဌာန်ချထားကြသည့် ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ပြည်သူလူထုအားလုံး နှင့်အတူရပ်တည်လျက်ရှိနေကြောင်း ထုတ်ပြန်အသိပေးအပ်ပါသည်။

မန်းဝင်းခိုင်သန်း

ပြည်ထောင်စုဝန်ကြီးချုပ်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်